# ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်

National Network for Education Reform (NNER)

## ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသော အမျိုးသားပညာရေးဥပဒေအပေါ် NNER ၏ သဘောထားထုတ်ပြန်ကြေညာချက်

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက် (NNER) သည် ၂၀၁၂ နှင့် ၂၀၁၃ အတွင်း တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ပညာရေးဆွေးနွေးပွဲကြီးများ (၂၈) ကြိမ်နှင့် ဆွေးနွေးပွဲငယ်များအကြိမ်ကြိမ်ကျင်းပ၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုပညာရှင်များ၊ နိုင်ငံရေးပါတီများ၊ မသန်စွမ်းအဖွဲ့များ၊ ပညာရှင်များအပါအဝင် ပညာရေးနှင့်သက်ဆိုင်သူများထံမှ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အကြံဉာဏ်များတောင်းခံခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဖွန်လတွင် ပညာရေးညီလာခံတစ်ရပ်ကျင်းပ၍ ပြန်လည်ဆွေးနွေးကြပြီး ပညာရေးမူဝါဒတစ်ရပ်ကို ရေးဆွဲခဲ့ပါသည်။ အဆိုပါ NNER ၏ ပညာရေးမူဝါဒကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ အစိုးရအဖွဲ့နှင့် ပြည်သူလူထုထံတင်ပြခဲ့ပါသည်။

ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သည့် အမျိုးသားပညာရေးဥပဒေ (မူကြမ်း) ကို အမျိုးသားလွှတ်တော်တွင် ပြင်ဆင်အတည်ပြု ပြီးနောက် သဘောထားကွဲလွဲချက်များရှိနေသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ထပ်မံဆွေးနွေးကြပြီး (၃၁-၇-၂၀၁၄) တွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသည့် အမျိုးသားပညာရေးဥပဒေတွင် ပါဝင်သည့် အချက်များသည် NNER ၏ မူဝါဒများ နှင့်ကွဲလွဲချက်များရှိနေသဖြင့် NNER ၏ သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ပြည်ထောင်စုလွှတ်တော် အမျိုးသားပညာရေးဥပဒေ အခန်း(၄)တွင်ဖော်ပြသည့် `အမျိုးသားပညာရေးကော်မရှင်`ကို ဖွဲ့စည်းရန် မလိုအပ်ပါ။ ထို့ပြင် အခန်း (၅) ပုဒ်မ (၂၇) တွင်ဖော်ပြသည့် `အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ` ကိုလည်း ဖွဲ့စည်းရန် မလိုအပ်ပါ။ NNER ၏ သဘောထားမှာ စစ်တက္ကသိုလ်နှင့် ဘာသာရေးကိုသီးသန့်သင်ကြားသော တက္ကသိုလ်များမှလွဲ၍ အခြေခံပညာကဏ္ဍ၊ အသက်မွေးဝမ်းကြောင်းပညာကဏ္ဍ၊ အခြားအဆင့်မြင့်ပညာကဏ္ဍများသည် ပညာရေးဝန်ကြီးဌာန နှင့်သာ သက်ဆိုင်စေရမည်။ တက္ကသိုလ်၊ ကောလိပ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက ဒီမိုကရေစီနည်းအရ တက္ကသိုလ်များအချင်းချင်းတိုင်ပင် ညှိနှိုင်းနိုင်ပါသည်။ ပညာရေးကဏ္ဍအသီးသီးအတွက် အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှုတို့အတွက် လွတ်လပ်သည့် ပညာရှင်များအဖွဲ့က ဆောင်ရွက်ရပါမည်။

၂။ အမျိုးသားပညာရေးဥပဒေတွင် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အထင်အရှားဖော်ပြပြီး မသန်စွမ်းကလေးများအပါအဝင် ကလေးများအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး ခံစားခွင့်ကို တိတိလင်းလင်းဖော်ပြသင့်ပါသည်။ ပြည်ထောင်စုလွှတ်တော်အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၂) အပိုဒ်ခွဲ (ဘ)၊ ပုဒ်မ (၄) အပိုဒ်ခွဲ (ဂ)၊ ပုဒ်မ (၃၇) နှင့် ပုဒ်မ (၄၁) အပိုဒ်ခွဲ (ခ) တို့တွင် ဖော်ပြချက်များသည် လူတိုင်းအကျုံးဝင်ပညာရေးနှင့် ဆန့်ကျင်လျက်ရှိပြီး မသန်စွမ်းကလေးများကို အခြားကလေးများနှင့်ခွဲခြားဆက်ဆံမှုကို အပြင်းအထန် ကန့်ကွက်ပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ (၇) ရက်တွင် မြန်မာနိုင်ငံအစိုးရက အကောင်အထည်ဖော်ရန် ကတိပြုလက်မှတ်ရေးထိုးထားသော `မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Rights of Persons with Disabilities UN-CRPD) တွင်ဖော်ပြထားသော `လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) ကို နိုင်ငံတော် အစိုးရအနေဖြင့် အကောင်အထည်ဖော်ရမည်` ဟူသည့်အချက်ကို လျစ်လျူရှုပြီး မသန်စွမ်းသူများကို မသန်စွမ်းအမျိုးအစားအလိုက် ခွဲခြားဆက်ဆံသင်ကြားပေးသည့် `အထူးပညာရေးအစီအစဉ်` ကို ပြဋ္ဌာန်းခြင်း၊ မသန်စွမ်းမှုကို အခြေခံပြီး ခွဲခြားဆက်ဆံခြင်းကို တရားဝင်ခွင့်ပြုထားသည့် ပညာရေးဥပဒေဖြစ်နေခြင်းတို့ကြောင့် ဤအချက်ကို ပြင်ဆင်ရပါမည်။

၃။ မြန်မာနိုင်ငံတွင် စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားကလေးများ၏ပညာရေးအတွက် မိခင်ဘာသာစကား (ကလေးများ ကျွမ်းကျင်သောဘာသာစကား) ကို အခြေပြုသော ဘာသာစကား (၃)မျိုးစနစ် (မိခင်ဘာသာစကား၊ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား) ကို အမျိုးသားပညာရေးဥပဒေတွင်ထည့်သွင်းဖော်ပြရန် NNER က လိုလားပါသည်။ တိုင်းရင်းသား ဘာသာစကားတစ်ခုခုကို သင်ကြားရေးမဏ္ဍိုင်အဖြစ် သတ်မှတ်ရန် ကိစ္စအတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးကော်မတီမှ ဆုံးဖြတ်ရန် ဖြစ်ပါသည်။

၄။ အမျိုးသားပညာရေးဥပဒေသည် ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၏ လွတ်လပ်စွာအသင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုရုံးခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာရွေးချယ်ခွင့်တို့ကို ဒီမိုကရေစီပညာရေးအရ အာမခံရန် NNER က လိုလားပါသည်။ ပြည်ထောင်စုလွှတ်တော် အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၄) အပိုဒ်ခွဲ (ဥ) တွင်ဖော်ပြသည့် `ပညာရေးဝန်ထမ်းအားလုံး ...... ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ်မူတည်၍ ဗဟိုချုပ်ကိုင်မှုလျော့ချသည့်စနစ်ကို ကျင့်သုံးရေး` ဆိုသည့်အချက်မှာ ဆရာ ဆရာမများ၏ ဂုဏ်သိက္ခာကို ထိပါးသဖြင့် ပြင်းထန်စွာ ကန့်ကွက်ပါသည်။

၅။ ပြည်ထောင်စုလွှတ်တော် အမျိုးသားပညာရေးဥပဒေ အခန်း (၁၁) ပုဒ်မ (၅၇) အပိုဒ်ခွဲ (က) တွင် ဖော်ပြသည့် `အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်` ဆိုသည်ကို NNER ကသဘောမတူပါ။ ဝန်ကြီးဌာနနှင့်တကွ အစိုးရအဖွဲ့သည် ကျောင်းအသီးသီး၏ ကိုယ်ပိုင်စီမံခန့်ခွဲသော ပညာရေးလုပ်ငန်းများအောင်မြင်ရန်အတွက် ဖြည့်ဆည်းပံ့ပိုးပေးသည့် တာဝန်ကိုသာ ယူသင့်ပါသည်။ ကျောင်းအသီးသီး၏ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာ ကျောင်း၏အုပ်ချုပ်ရေးကော်မတီကသာ ဆုံးဖြတ်ဆောင်ရွက်သင့်ပါသည်။ ကျောင်းအုပ်ချုပ်ရေးကော်မတီတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၏ကိုယ်စားလှယ်၊ ကျောင်းသားမိဘများ၏ ကိုယ်စားလှယ်များနှင့် ရပ်ရွာမှလေးစားယုံကြည်သော ရပ်မိရပ်ဖများ ပါဝင်ဖွဲ့စည်းသင့်ပါသည်။

၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၃၉) အပိုဒ်ခွဲ (စ) နှင့် (ဆ) တို့တွင်ဖော်ပြထားသည့် အခြေခံပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးကို ဒေသအလိုက်သာမက ကျောင်းအလိုက် ဖွံ့ဖြိုးနိုင်ခွင့်ရှိကြောင်း အမျိုးသားပညာရေးဥပဒေတွင် အတိအလင်းဖော်ပြသင့်ပါသည်။ နိုင်ငံတဝှမ်းလုံးရှိကျောင်းများတွင် တက်ရောက်ကြသော ကျောင်းသားများ၏ ပညာရေးအဆင့်အတန်းကွာခြားချက်မရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းဆိုင်ရာ အနိမ့်ဆုံးစံများကိုသာ ထားရှိရပါမည်။

၇။ ပြည်သူ့လွှတ်တော်အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၂၁) အပိုဒ်ခွဲ (က) တွင် `ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း` တစ်မျိုးတည်းကိုသာ အကောင်အထည်ဖော်မည်ဟု ဖော်ပြချက်ကို NNER ကသဘောမတူပါ။ သင်ကြားနည်း၊ သင်ယူနည်း အမျိုးမျိုးရှိသည့်အနက် တစ်မျိုးတည်းကိုသာ ဥပဒေတွင်ဖော်ပြရန်မသင့်ပါ။ နည်းစနစ်အမျိုးမျိုးကိုလွှမ်းခြုံသည့် `သင်ယူမှုကို ဗဟိုပြုသောနည်းစနစ်များ` ကို အသုံးပြုမည်ဟုဖော်ပြရပါမည်။ ကျောင်းသားများ၏ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်၍ ယခင်နည်းဟောင်းဖြစ်သော အလွတ်ကျက်၊ အလွတ်ဖြေ စစ်ဆေးနည်းအစား သင်ယူမှုကို တိုးတက်စေသော စစ်ဆေးနည်း (formative assessment) ကို အသုံးပြုရပါမည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနမှ ကြေညာထားသည့် `အခြေခံပညာ မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်ပြီးဆုံးချိန်တွင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အဆင့်ဆင့်တို့က ဦးစီးကျင်းပသော စာမေးပွဲများကို စစ်ဆေးမည်` ဆိုသည့်အချက်သည် သင်ယူမှုကိုအထောက်အကူမပြုသည့် အဆုံးသတ်ရလဒ်ကိုသာ စစ်ဆေးခြင်းဖြစ်၍ ကန့်ကွက်ပါသည်။

၈။ ပြည်သူ့လွှတ်တော် အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၁၇) တွင်ဖော်ပြထားသည့် `အခမဲ့ မသင်မနေရ မူလတန်းပညာရေး` အစား ကလေးများ၏အခွင့်အရေးကိုကာကွယ်ရန်အတွက် `အခမဲ့မသင်မနေရ အလယ်တန်းပညာရေး` ဖြစ်သင့်သည်။ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတော် တာဝန်ရှိသူများ၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၊ ကျောင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

၉။ ဘဏ္ဍာရေးကဏ္ဍတွင် The Muscat Agreement 2014, UNESCO အရ ဂျီဒီပီ (Gross Domestic Product) ၏ ၄% မှ ၆% အထိ (သို့မဟုတ်) တစ်နိုင်ငံလုံး၏အသုံးစရိတ် (National Budget) ၏ ၁၅% မှ ၂၀% အထိ ပညာရေးအသုံးစရိတ် အဖြစ် အမျိုးသားပညာရေးဥပဒေတွင် အတိအလင်း ပါရှိရမည်။

ပညာရေးမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့
ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER)

ရက်စွဲ။ ၂၀၁၄ ဩဂုတ်လ (၁၉) ရက်